မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

P.O. Box 144, Mae Sod Post Office, Tak Province 63110, Thailand; Tel/Fax (66) 055-542910
E-mail: blcsan@ksc.th.com; Website: www.blc-burma.org

# ( ၃၄ ) နှစ်မြောက် ဇွန် ( ၆ ) ရက် အထွေထွေအလုပ်သမားသပိတ်အထိမ်းအမှတ် ဥပဒေကြောင်းအရ သဘောထားထုတ်ပြန်ကြေငြာချက်

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးနိုင်ရန် "၁၉၆၄ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေ"ကို ပြဋ္ဌာန်းခဲ့သည်။ အလုပ်သမားသမဂ္ဂများအသင်း အဖွဲ့များ အားလုံးဖျက်သိမ်းခံခဲ့ရသည်။ မဆလအစိုးရလက်အောက်၌ အလုပ်သမားများ စားဝတ်နေရေးခက်ခဲမှု များနှင့် ရပိုင်ခွင့်များ၊ မပြေလည်မှုများကို မွန်းကြပ်စွာခံစားခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားများသည် ဆန် လုံလောက်စွာရရှိရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လစာတိုးမြှင့်ပေးရေးတို့ကို တောင်းဆိုခဲ့ကြသည်။

ထိုစဉ်က ရှိခဲ့သည့် "၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များကို ပြဋ္ဌာန်းထားသည့် ဥပဒေ အခန်း (၂) တွင် ရပိုင်ခွင့်များ စုစုပေါင်း (၁၄) ချက် ပြဋ္ဌာန်းခဲ့သော်လည်း အလုပ်သမား သမဂ္ဂများဖွဲ့စည်းမှု ပြဋ္ဌာန်းချက်များမပါရှိပါ။ အလုပ်သမားများက လစာတိုးမြှင့်ပေးရန်နှင့် အခြေခံပြည်သူ့အလုပ် သမားကောင်စီကို ဖျက်သိမ်း၍ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းပေးရန်တောင်းဆိုသည့် အလုပ်သမားသပိတ် ကြီးမှာ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၆)ရက်နေ့တွင် ပေါ်ပေါက်ခဲ့သည်။

၂။ အလုပ်သမားများက မိမိတို့လုပ်ငန်းဌာနအသီးသီးအတွင်းမှ တည်ငြိမ်အေးချမ်းစွာဆန္ဒပြခဲ့ကြသည်။ အလုပ်သမားအဖွဲ့အစည်းများသည် ၁၉၀၈ ခုနှစ် မတရားအသင်းများဥပဒေ ပုဒ်မ (၁၅) အပိုဒ်ခွဲ (၂) အရ မတ ရားအသင်းများမဟုတ်ပေ။ သို့သော် မဆလအစိုးရက စက်ရုံ၊ အလုပ်ရုံများအတွင်းသို့ဝင်ရောက်ပြီး သေနတ် များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ မဆလအစိုးရမှ ပြဋ္ဌာန်းဥပဒေများကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ အစု လိုက်၊ အပြုံလိုက်သတ်ဖြတ်သည့် ရာဇဝတ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ဖော်ပြသည့် စာရင်းအရ (၂၃) ဦး သေဆုံးပြီး၊ (၆၄)ဦး ဒဏ်ရာရသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ အလုပ်သမားခေါင်းဆောင် (၁၄၇) ဦး ကို ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှုကာကွယ်သည့် ဥပဒေ ပုဒ်မ – ၁၅/၁နှင့် တရားစွဲဆိုပြီး ထောင်ဒဏ် (၇)နှစ် မှ (၁၅)နှစ်အထိ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

၃။ ဇွန် (၆) အလုပ်သမားသပိတ်တိုက်ပွဲကြောင့် ၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ၊ ဥပဒေအမှတ် – ၆/၇၆ဖြင့် "၁၉၆၄ ခုနှစ် အလုပ်သမားဥပဒေကို ပြင်ဆင်သည့်ဥပဒေ"အား ပြဋ္ဌာန်းခဲ့သည်။ ၎င်းပြင်ဆင်ချက်မှာ **"ပြည်သူ့အလုပ်သမားကောင်စီ"**ဟူသော စကားလုံးအစား **"အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရေး"** စကား လုံးဖြင့် အစားထိုးခဲ့သည်။ ပြင်ဆင်ခဲ့သည့်ဥပဒေအရ အလုပ်သမားအဖွဲ့အစည်းဆိုသည့် နာမည်သာပြောင်းပြီး လက်တွေ့တွင် အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခွင့် မရရှိခဲ့ပေ။

၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အခန်း (၃) တွင် **"တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏တာဝန်ဝတ်တရားများ"**၊ ပုဒ်မ – ၃၀နှင့် ၃၁တို့အား အလုပ်သမားများ အတွက် အသင်းအဖွဲ့ ဖွဲ့စည်းသည့်အခြေခံအခွင့်အရေးကို ကာကွယ်ပေးနိုင်သည့်အချက်များ ပြဋ္ဌာန်းခဲ့သည်။ သို့သော် ယနေ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် " အလုပ်သမားများအတွက် နိုင်ငံတော်၏ တာဝန်ဝတ္တရားများ"ကို ဖော်ပြသော မည်သည့်ပြဋ္ဌာန်းချက်မျှ မပါရှိသည်ကို တွေ့ရသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ပုဒ်မ ၃၅၄ (ဂ) တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး အကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် **မဆန့်ကျင်လျှင်** အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်"ဟု ဖော်ပြထားသည်။ သို့သော် လက်ရှိနအဖ၏ တည်ဆဲဥပဒေ များသည် အလုပ်သမားအစည်းအရုံးများ လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်ကို လုံးဝပိတ်ပင်တားမြစ်ထားသည်။ ထို့

ကြောင့် နအဖ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အတည်ပြုကျင့်သုံးသွားလျှင် အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်ကို ဆက်လက်ပိတ်ပင်ခံနေရဦးမည် ဖြစ်သည်။

၅။ လူသားတိုင်းငြိမ်းချမ်းစွာစုဝေးပိုင်ခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းထူထောင်ခွင့်များကို ဆန့်ကျင်ပိတ်ပင်ခြင်းမှာ အပြည်အပြည်ဆိုင်ရာ အလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် – ၂၀ (၁)ကို ချိုးဖောက် ခြင်းဖြစ်သည်။ **Collective Bargaining** ဟုခေါ်သည့် အလုပ်သမားများ၏ စုပေါင်းအရေးဆိုခွင့်နှင့် လွတ်လပ်စွာဖွဲ့စည်းခွင့်များကို ချိုးဖောက်လိုက်သည့်အတွက် နိုင်ငံတကာအလုပ်သမားဥပဒေအပိုဒ် – ၃၁ အရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)၏ အုပ်ချုပ်ရေးအဖွဲ့သို့တင်ပြနိုင်သည်။ အပိုဒ် – ၃၂ အရ အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice- ICJ) သို့ တင်နိုင်သည်။

၆။ ဇွန် (၆)ရက်နေ့ (၃၄)နှစ်မြောက်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအလုပ်သမားအဖွဲ့အစည်းများ အားကောင်းလာစေရန် ပြည်တွင်းရှိအလုပ်သမားအဖွဲ့အစည်းများမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်းနှင့် လက်ရှိနအဖစစ်အုပ်စု၏ အလုပ်သမားများအပေါ် ကျူးလွန်သည့် ပြစ်မှုများအား နိုင်ငံတကာအလုပ်သမားဥပဒေအရ အရေးယူပေးရန်ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့၊**
မြန်မာနိုင်ငံရှေ့နေများကောင်စီ။

**ရက်စွဲ – ဇွန်လ၊ (၅) ရက်၊ ၂၀၀၈ ခုနှစ်**

**အသေးစိတ်သိလိုပါလျှင် –**
ဦးမြိုး (တာဝန်ခံ) ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ။ (ဖုန်း– ၀၈၆ ၂၁၆၀၁၀၈)